# သင်တန်းလက်စွဲ

## ဌာနေတိုင်းရင်းသားများနှင့် မြေယာအကြားဆက်နွယ်မှု

## အက်(ဖ်) ပီအိုင်စီ၊ ရက်ဒ်အပေါင်းနှင့်

## ဂျီပီအက်စ် တိုင်းတာခြင်းများ



CISU CIVIL SOCIETY IN DEVELOPMENT

POINT
Promotion Of Indigenous and Nature Together
ပွိုင့်-ရိုးရာဝန်းကျင်မြှင့်တင်ရေးအဖွဲ့

# မာတိကာ


၁။ လွတ်လပ်သော၊ ကြိုတင်အသိပေးတိုင်ပင်မှုနှင့် လူထုသဘောထားရယူခြင်း အက်ဖ်ပီအိုင်စီ(FPIC)ဆိုင်ရာ အခွင့်အရေး

၂။ အမျိုးသမီးများ၊ ရက်ဒ်အပေါင်း(REDD+)နှင့် လွတ်လပ်သော၊ ကြိုတင်အသိပေးတိုင်ပင်မှုနှင့် လူထုသဘောထားရယူခြင်း အက်ဖ်ပီအိုင်စီ(FPIC)ဆိုင်ရာ အခွင့်အရေး

၃။ လွတ်လပ်သော၊ ကြိုတင်အသိပေးတိုင်ပင်မှုနှင့် လူထုသဘောထားရယူခြင်းအက်ဖ်ပီအိုင်စ(FPIC)တွင် ပါဝင်သည့် အစိတ်အပိုင်းများ

၄။ လွတ်လပ်သော ကြိုတင်အသိပေးတိုင်ပင်မှုနှင့် လူထုသဘောထားရယူခြင်းဆိုင်ရာ အခွင့်အရေးနှင့် ရက်(ဒ်)အပေါင်း (REDD+)

၅။ မည်သူတို့မှာ ဌာနေတိုင်းရင်းသားများဖြစ်ကြသနည်း။

၆။ ကုလသမဂ္ဂ

၇။ ဌာနေတိုင်းရင်းသားများနှင့် ကမ္ဘာ့ကုလသမဂ္ဂ

၈။ ကုလသမဂ္ဂဌာနေတိုင်းရင်းသား အခွင့်အရေးဆိုင်ရာကြေငြာစာတမ်း – ယူအဲန်ဒရစ် (UNDRIP)

၉။ ဌာနေတိုင်းရင်းသားများနှင့် မြေယာအကြားဆက်နွယ်မှု

၁၀။ ဘိုးဘွားပိုင်မြေများကို ကာကွယ်စောင့်ရှောက်နိုင်ရန်အတွက် ရပ်ရွာလူထုပူးပေါင်းပါဝင် ရေးဆွဲထားသော ရပ်ရွာအခြေပြုမြေပုံများရေးဆွဲခြင်း

၁၁။ ရိုးရာဓလေ့ထုံးတမ်းအရ မြေယာအခွင့်အရေးများနှင့် သဘာဝအရင်းအမြစ်များစီမံခန့်ခွဲမှုဆိုင်ရာ ရပ်ရွာလူထုပူးပေါင်း ပါဝင်သော သုတေသနလုပ်ငန်း (ပီအေအာရ် PAR) – ၁

၁၂။ ရိုးရာဓလေ့ထုံးတမ်းအရ မြေယာအခွင့်အရေးများနှင့် သဘာဝအရင်းအမြစ်များစီမံခန့်ခွဲမှုဆိုင်ရာ ရပ်ရွာလူထုပူးပေါင်း ပါဝင်သော သုတေသနလုပ်ငန်း (ပီအေအာရ် PAR) – ၂

၁၃။ ရိုးရာဓလေ့ထုံးတမ်းအရ မြေယာအခွင့်အရေးများနှင့် သဘာဝအရင်းအမြစ်များစီမံခန့်ခွဲမှုဆိုင်ရာ ရပ်ရွာလူထုပူးပေါင်း ပါဝင်သော သုတေသနလုပ်ငန်း (ပီအေအာရ် PAR) – ၃

၁၄။ ဂျီပီအက်(စ်)စက်(ခေါ်) မြေတိုင်းကိရိယာကိုအသုံးပြု၍ မြေပုံများကိုရေးဆွဲနည်း

၁၅။ ရပ်ရွာအခြေပြုမြေပုံရေးဆွဲခြင်းဆိုင်ရာ လုပ်ငန်းဆောင်ရွက်ပုံအဆင့်ဆင့်

# လွတ်လပ်သော၊ ကြိုတင်အသိပေးတိုင်ပင်မှုနှင့် လူထုသဘောထားရယူခြင်း အက်ဖ်ပီအိုင်စီ(FPIC)ဆိုင်ရာ အခွင့်အရေး

1

## လွတ်လပ်သော၊ ကြိုတင်အသိပေးတိုင်ပင်မှုနှင့် လူထုသဘောထားရယူခြင်း အက်ဖ်ပီအိုင်စီ( FPIC )ဆိုင်ရာ အခွင့်အရေးကိုတိုးတက်စေခြင်း

- ကမ္ဘာတလွှားရှိ ဌာနေတိုင်းရင်းသားများသည် သမိုင်းကြောင်းတစ်လျှောက် ဖိနှိပ်ချုပ်ချယ်ခြင်း၊ သဟဇာတဖြစ်ခြင်းနှင့် အခြားသော ဖိနှိပ်ချုပ်ချယ်ခြင်းပုံစံများနှင့် ကြုံတွေ့ခဲ့ကြသည်။ ယနေ့တိုင်ပင် ဌာနေတိုင်းရင်းသားအများစုတို့၏ အခြေနေမှာ အနည်းငယ်သာပြောင်းလဲလာခဲ့သည်။
- နိုင်ငံအများစုသည် ဌာနေတိုင်းရင်းသားတို့၏ ကိုယ်ပိုင်ဝိသေသလက္ခဏာကို အသိအမှတ်ပြုရန် ငြင်းဆန်နေခဲ့ကြသော်လည်း ဌာနေတိုင်းရင်းသားများအနေဖြင့် မိမိတို့၏ မြေယာနှင့် ပိုင်နက်နယ်မြေများတွင် အခိုင်အမာဆက်လက်ရပ်တည်ရန်အတွက် ကြိုးပမ်းမှုများမှာ ပိုမိုအားကောင်းလာခဲ့သည်။
- နိုင်ငံတကာအဆင့်တွင် ဌာနေတိုင်းရင်းသားတို့၏ သံယံဇာတများနှင့် ဓလေ့ထုံးတမ်းမြေယာများကို ခွဲခြားဆက်ဆံခြင်းမျိုးမရှိစေဘဲ သင့်တော်အောင်စီမံခြင်းနှင့် သူတို့၏ကိုယ်ပိုင်ပြဌာန်းခွင့်ကို အသိမှတ်ပြုမှု မြင့်တတ်လာခြင်းက လွတ်လပ်သော၊ ကြိုတင်အသိပေးတိုင်ပင်မှုနှင့် လူထုသဘောထားရယူခြင်းဆိုင်ရာအခွင့်ရေး(**FPIC**)ကို ဖော်ထုတ်လာကြခဲ့သည်။



အက်ဖ်ပီအိုင်စီ(FPIC)နှင့် ပတ်သတ်၍ ဘုံနားလည်မှုကို ဖော်ထုတ်ရန် စိန်ခေါ်မှုများရှိနေသည်။ အဘယ့်ကြောင့်ဆိုသော် အက်ဖ်ပီအိုင်စီ(FPIC)၏ အခရာများဖြစ်သည့် လွတ်လပ်သော၊ ကြိုကြိုတင်တင်ဖြစ်သော၊ အသိပေးပြီးဖြစ်သောနှင့် သဘောထားရယူခြင်းစသည်တို့သည် တစ်ခုနှင့်တစ်ခု ဆက်စပ်နေပြီး ခွဲခြား၍မရနိုင်ပေ။ သို့သော် အက်ဖ်ပီအိုင်စီ(FPIC)ဆိုသည်မှာ -

**“ လူထုပူးပေါင်းပါဝင်ခြင်း”၊ “ ညှိနှိုင်းခြင်း”၊ “တိုင်ပင်ဆွေးနွေးခြင်းမျိုးမဟုတ်ပေ”**

၄င်းတို့မှာ အက်ဖ်ပီအိုင်စီ(FPIC) ရရှိနိုင်မည့် နည်းလမ်းများပင်ဖြစ်သည်။

### အက်ဖ်ပီအိုင်စီ(FPIC)ဆိုသည်မှာ အဘယ်နည်း။

အက်ဖ်ပီအိုင်(**FPIC**)ဆိုသည်မှာ ဌာနေတိုင်းရင်းသားများ၏ ကိုယ်ပိုင်ဓလေ့ထုံးတမ်းကျင့်ထုံးများနှင့်အညီ ၄င်းတို့အပေါ် ထိခိုက်မှုရှိသည့် ကိစ္စရပ်များကို အမှီခိုကင်းစွာဆုံးဖြတ်ချက်ချမှတ်နိုင်ရန်အတွက် အသုံးပြုသည့် ယန္တယားတစ်ခုပင်ဖြစ်သည်။

ဌာနေတိုင်းရင်းသားတို့၏ ဆုံးဖြတ်ချက်ချခြင်း လမ်းစဉ်များကို အခြေခံသည် အက်ဖ်ပီအိုင်စီFPICဆိုင်ရာ အခွင့်အရေးများသည် နိုင်ငံတကာဥပဒေများနှင့်အညီ ကိုက်ညီမှုရှိပြီး အောက်ပါအခြေအနေတို့တွင် အသုံးပြုနိုင်သည်။

- ဌာနေတိုင်းရင်းသားတို့၏ မြေယာများ (သို့) ပိုင်နက်နယ်မြေများမှ အင်အားသုံး၍ ပြန်လည်နေရာချခြင်း (သို့) ဖယ်ရှားခြင်းမျိုးကို ဖြစ်စေသော မည်သည့် အပြုမူမဆို၊
- ဌာနေတိုင်းရင်းသားများအပေါ် အကျိုးသက်ရောက်စေမည့် တည်ဆဲ(သို့မဟုတ်) အသစ်ပြုပြင်ပြောင်းလဲမည့် မည်သည့် မူဝါဒ၊ ဥပဒေ၊ စည်းမျဉ်းစည်းကမ်းမဆို၊
- ဌာနေတိုင်းရင်းသားများ၏ မြေယာများနှင့် ပိုင်နက်နယ်မြေများကို အကျိုးသက်ရောက်မှုရှိသော အထူးသဖြင့် ဖွံ့ဖြိုးရေးစီမံကိန်းများ၊ သတ္တုများ၊ ရေအရင်းအမြစ်နှင့် အခြားသောသယံဇာတများကို အလွန်အကျွံထုတ်ယူသုံးစွဲခြင်း(သို့)အသုံးပြုခြင်းဆိုင်ရာ မည်သည့်စီမံကိန်းများကိုမဆို၊
- ဌာနေတိုင်းရင်းသားတို့၏ မြေယာများ(သို့) ပိုင်နက်နယ်မြေများအတွက် အန္တရယ်ရှိသော(သို့) အဆိပ်အတောက်ဖြစ်စေသောအရာများ၊ သိုလှောင်ခြင်း(သို့) စွန့်ပစ်ခြင်းကိုမဆို။

### အက်ဖ်ပီအိုင်စီ(FPIC)၏ အဓိက လက္ခာရပ်များမှာ အဘယ်နည်း။

- အက်ဖ်ပီအိုင်စီ **FPIC**လမ်းစဉ်အားဖြင့် ဌာနေတိုင်းရင်းသားများသည် မိမိတို့၏ မြေယာ၊ ပိုင်နက်နယ်မြေနှင့် သဘာဝသယံဇာတများအပေါ် စီမံခန့်ခွဲခြင်းနှင့် ထိန်းသိမ်းခြင်းတို့ ပြုလုပ်နိုင်စေသင့်သည်။
- ဌာနေတိုင်းရင်းသားများသည် ကိုယ်ပိုင်ဆုံးဖြတ်ချက်ချမှတ်ပိုင်ခွင့်ကို ကျင့်သုံးကြသည့်သီးခြားကွဲပြားသောလူမျိုးစုများအနေဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များတွင် ကိုယ်ပိုင်ဆုံးဖြတ်ပိုင်ခွင့် ရှိရမည်။
- အက်ဖ်ပီအိုင်စီ**FPIC**သည် ဌာနေတိုင်းရင်းသားများကို မိမိတို့၏ ပိုင်နက်နယ်မြေများတွင် အစီအစဉ်များ(သို့) စီမံကိန်းများကို လုပ်ဆောင်ရန် ရည်ရွယ်ချက်ရှိသော ပြင်ပမှအဖွဲ့စည်းများနှင့် ထိတွေ့ဆက်ဆံမှုအတိုင်းတာနှင့် ဆက်ဆံရေးကို သတ်မှတ်နိုင်စေသင့်သည်။
- အက်ဖ်ပီအိုင်စီ**FPIC**ဆိုသည်မှာ ဌာနေတိုင်းရင်းသားများနှင့် သဘောတူညီချက်၊ သဘောထားရယူမှုများ လိုအပ်သူများအကြား အပြန်အလှန် တွေ့ဆုံဆွေးနွေးမှုများ၊ စကားဝိုင်းများ၊ ဖလှယ်မှုများနှင့် ညှိနှိုင်းတိုင်ပင်မှု အစဉ်အတိုင်းပြုလုပ်ရန် လိုအပ်သော ကြားခံလုပ်ငန်းစဉ်တစ်ခုဖြစ်သည်။

2

# အမျိုးသမီးများ၊ ရက်ဒ်အပေါင်း(REDD+)နှင့် လွတ်လပ်သော၊ ကြိုတင်အသိပေးတိုင်ပင်မှုနှင့် လူထုသဘောထားရယူခြင်း အက်ဖ်ပီအိုင်စီ(FPIC)ဆိုင်ရာ အခွင့်အရေး





## သဘာဝသယံဇာတ၊ ဇီဝမျိုးစုံမျိုးကွဲများနှင့် သစ်တောများကို ကာကွယ်သူ အမျိုးသမီးများ

- ဌာနေတိုင်းရင်းသူအမျိုးသမီးများသည် သစ်တောများ၊ သဘာဝသယံဇာတနှင့် ဇီဝမျိုးစုံမျိုးကွဲများကို ကာကွယ်ခြင်းတွင် အဓိကကျသော အခန်းကဏ္ဍတွင်ပါဝင်ကြသည်။ သူတို့၏ နေ့စဉ်အလုပ်သည်လည်း ၎င်းတို့နှင့် ထဲထဲဝင်ဝင် ဆက်စပ်မှုရှိနေသည်။
- သစ်တောသည် ထင်း၊ လောင်စာ၊ အစားအစာနှင့် ဆေးဖက်ဝင်အပင်များအပြင် မိသားစု စားနပ်ရိက္ခာဖူလုံရေးနှင့် ဝင်ငွေရရှိရေးအတွက် ထောက်ပံ့ပေးသည်။
- ဌာနေတိုင်းရင်းသူအမျိုးသမီးများသည် ပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေမှုရှိပြီး ရေရှည်တည်တံ့သည့် စိုက်ပျိုးခြင်းနှင့် ထုတ်ယူသုံးစွဲခြင်းဆိုင်ရာအသိပညာနှင့် ကျွမ်းကျင်မှုများကို ပိုင်ဆိုင်ထားသည်။
- ဌာနေတိုင်းရင်းသူအမျိုးသမီးများသည် ရိုးရာအရ စိုက်ပျိုးသည့်နည်းပညာများသည် သဘာဝသံဇာတနှင့် သစ်တောများထိန်းသိမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို မြှင့်တင်နိုင်ရန်အတွက် အထောက်ကူပြုလေ့ရှိသည်။ ဥပမာ - မြေဆီလွှာတိုက်စားမှုကို ကာကွယ်ခြင်း



## REDD+ လုပ်ငန်းစဉ်များ အကောင်ထည်ဖော်ရာတွင် အမျိုးသမီးများ၏ အခွင့်ရေးများကို အဘယ့်ကြောင့်ထည့်သွင်းစဉ်းစားရသနည်း။

ကာဗွန်မဟုတ်သောအကျိုးကျေးဇူးများ - ရေရှည်တည်တံ့သော အသက်မွေးဝမ်းကျောင်းမှုပုံစံနှင့် ဇီဝမျိုးစုံမျိုးကွဲများကို ထိန်းသိမ်းခြင်းစသည်တို့သည် ဌာနေတိုင်းရင်းသားများအတွက် ကာဗွန်ထက်ပို၍တန်ဖိုးရှိသည်။

ထို့ကြောင့် ဌာနေတိုင်းရင်းသူအမျိုးသမီးများမှ ရပ်ရွာသာယာဝပြောစေရေးအတွက် ဆောင်ရွက်လေ့ရှိသော သစ်တောထိန်းသိမ်းခြင်းနှင့် ကာကွယ်ခြင်းဆိုင်ရာအခန်းကဏ္ဍကို ကာဗွန်မဟုတ်သော အကျိုးကျေးဇူးအနေဖြင့် အသိအမှတ်ပြုပေးရန် အလွန်အရေးကြီးပါသည်။

အကယ်၍ ကျား/မရေးရာ ဂျန်ဒါအမြင်ကို ရက်ဒ်အပေါင်း **REDD+**ဒီဇိုင်းရေးဆွဲခြင်းနှင့် လက်တွေ့အကောင်ထည်ဖော်ဆောင်သည့် ကနဦးအစီအစဉ်ကပင် ထည့်သွင်းစဉ်းစားမည်ဆိုပါက အမျိုးသမီးများ၏ ရပ်ရွာသာယာဝပြောစေရေး ဆောင်ရွက်မှုအခန်းကဏ္ဍကို မြှင့်တင်နိုင်သည်။

## ရပ်ရွာအတွင်း ဌာနေတိုင်းရင်းသူအမျိုးသမီးများ၏ အရေးပါသော အခန်းကဏ္ဍ

- ဌာနေတိုင်းရင်းသားရိုးရာယဉ်ကျေးမှုများသည် စိုက်ပျိုးရေးနှင့် သယံဇာတအသုံးချမှုဆိုင်ရာ ရာသီစက်ဝန်းကို ဗဟိုပြုထားသည့်အလျောက် ကိုယ်ပိုင်လက္ခဏာ၊ အသိပညာ၊ ဓလေ့ထုံးတမ်းများကို ထိန်းသိမ်းခြင်းနှင့် စောင့်ရှောက်ခြင်းအတွက် ဌာနေတိုင်းရင်းသူအမျိုးသမီးများ၏ နေ့စဉ်လုပ်ငန်းများသည် အရေးကြီးသော အခန်းကဏ္ဍတွင်ပါဝင်သည်။
- ဌာနေတိုင်းရင်းသူအမျိုးသမီးများသည် မိသားစုနှင့် ရပ်ရွာ၏ ကျန်းမာရေးအတွက် သစ်တောထဲမှရရှိသော ရိုးရာဆေးဝါးများကို အသုံးပြုကြသည်။
- ဌာနေတိုင်းရင်းသူအမျိုးသမီးများသည် ရိုးရာဆေးဝါးများ၊ ကုထုံးများနှင့် ပတ်သတ်ပြီး ကျယ်ပြန့်စွာသိုမှီထားသည့် ဗဟုသုတများစွာရှိသည်။
- ဌာနေတိုင်းရင်းသူအမျိုးသမီးများသည် မိသားစုများအတွက် အဓိကစားနပ်ရိက္ခာထောက်ပံ့သူဖြစ်သည့်အလျောက် ဝမ်းစာဖြစ်သည့် အစားအစာ၊ သစ်သီးများ၊ ငါး၊ ဟင်းသီးဟင်းရွက်များ၊ ဆေးဝါးများ၊ တိရိစ္ဆာန်အစားအစာများနှင့် မြက်ပင်များတို့ကို သစ်တောနှင့် လယ်မြေတို့မှ စုဆောင်းသည်။
- ဌာနေတိုင်းရင်းသူအမျိုးသမီးများသည် ဝင်ငွေရစေမည့်လုပ်ဆောင်ချက်များတွင် ပါဝင်ကြပြီး မိသားစုဝင်ငွေအတွက်လည်း အရေးကြီးသော အထောက်အပံ့ပေးသူများလည်းဖြစ်သည်။
- ဌာနေတိုင်းရင်းသူအမျိုးသမီးများသည် တရားမဝင်သစ်ထုတ်ခြင်းနှင့် သစ်တောပြုန်းတီးခြင်းကို ဆန့်ကျင်ရာတွင် လည်းကောင်း အစိုးရ(သို့ ) ပုဂ္ဂလိကကုမ္ပဏီများနှင့် အပြန်အလှန်ဆွေးနွေးကြရာတွင်လည်း တတ်တတ်ကြွကြွပါဝင်ကြသည်။

# လွတ်လပ်သော၊ ကြိုတင်အသိပေးတိုင်ပင်မှုနှင့် လူထုသဘောထားရယူခြင်း အက်ဖ်ပီအိုင်စီ (FPIC)တွင် ပါဝင်သည့် အချက်များ


## လွတ်လပ်သော၊ ကြိုတင်အသိပေးတိုင်ပင်မှုနှင့် လူထုသဘောထားရယူခြင်းတွင် ပါဝင်သည့် အချက်များ၏ အခြေခံသဘောတရားများ

အက်ဖ်ပီအိုင်စီ FPIC တွင် မည်သည့် အချက်များပါဝင်သနည်း။

လွတ်လပ်သော၊ ကြိုတင်အသိပေးတိုင်ပင်မှုနှင့် လူထုသဘောထားရယူခြင်းအက်ဖ်ပီအိုင်စီ(FPIC)တွင် ပါဝင်သည့် အချက်တစ်ခုစီတိုင်းသည် တစ်ခုနှင့်တစ်ခု ပတ်သတ်ဆက်နွယ်မှုရှိနေသည့်အတွက် ၄င်းတို့ကို သီးခြားအချက်များအဖြစ် သတ်မှတ်ခြင်း(သို့) ခွဲခြားခြင်းမျိုးမပြုသင့်ပေ။ ပထမဆုံးသော အချက်သုံးချက်ဖြစ်သည့် လွတ်လပ်သော၊ ကြိုကြိုတင်တင်၊ အသိပေးတိုင်ပင်မှု စသည့်အချက်များသည် သဘောထားရယူခြင်းလုပ်ငန်းစဉ်တွင် ထိထိရောက်ရောက် ဆုံးဖြတ်ချက်ချမှတ်နိုင်ရန် အခြေအနေကိုဖြစ်ပေါ်စေသည်။ ထို့ကြောင့် သဘောတူညီမှုရယူခြင်းကို -

- မည်သည့်စီမံကိန်း အစီအစဉ်လုပ်ဆောင်မှုများ မလုပ်ဆောင်မီ(ကြိုတင်ပြီး)၊
- မှီခိုမှုကင်းစွာ ဆုံးဖြတ်ချက်ချသင့်ပြီး (လွတ်လပ်စွာ)၊
- တိကျမှုရှိပြီး ပြည့်စုံသော သတင်းအချက်လက်ပေးမှုအပေါ်မူတည်ပြီး(အသိပေးတိုင်ပင်မှု) ရယူသင့်သည်။

ထိုသို့ လုပ်ဆောင်ခြင်းဖြင့် စုပေါင်းဆုံးဖြတ်ချက်ချမှတ်ခြင်းဖြစ်စဉ်၏ ရလဒ်(သို့) မှန်ကန်သောအဖြေဟု သတ်မှတ်နိုင်ပါသည်။




'လွတ်လပ်သော၊ ကြိုကြိုတင်တင်၊ အသိပေးတိုင်ပင်မှု'သည် အရည်အသွေးပြည့်မှီသည့် သဘောတူညီမှုကို ဖြစ်ပေါ်စေသည်။







လွတ်လပ်သော(Free)ဟုဆိုရာတွင် အကျပ်ကိုင်ခြင်း၊ ခြိမ်းခြောက်ခြင်း(သို့) ကြိုးကိုင်ခြယ်လှယ်ခြင်းမျိုးမရှိသင့်ပေ။

**ကြိုတင်၍**(Prior)ဟုဆိုရာတွင် မည်သည့်ခွင့်ပြုချက် (သို့) လုပ်ဆောင်မှုများမပြုလုပ်မီ ဌာနေတိုင်းရင်းသားများနှင့် ဆွေးနွေးခြင်း/အများသဘောခံယူခြင်း လုပ်ငန်းစဉ်တို့အတွက် အချိန်လိုအပ်ချက်ကို အလေးထားပြီး ကြိုတင်သဘောတူညီမှုရယူမှုရယူထားကြောင်း ပေါ်လွင်စေရမည်။

**အသိပေးထားခြင်း**(Informed)ဆိုသည်မှာ အနည်းဆုံး အောက်ပါအချက်များပါဝင်သည့် သတင်းအချက်လက်များကို အသိပေးခြင်းဖြစ်သည်။

- အဆိုပြုထားသော မည်သည့်စီမံကိန်း(သို့)လုပ်ဆောင်မှု၏ သဘာဝ၊ ပမာဏ၊ ဆောင်ရွက်နေမှုအနေအထား၊ ပြောင်းလဲသွားနိုင်မှုနှင့် နယ်ပယ်အတိုင်းတာ၊
- စီမံကိန်း/များ(သို့)လုပ်ဆောင်မှု၏ ရည်ရွယ်ချက်(သို့)အကြောင်းရင်းများ၊
- အထက်ဖော်ပြပါအရာများ၏ ကြာချိန်၊
- ထိခိုက်လာမည့်နေရာ၏ တည်နေရာ၊
- ကြိုတင်ကာကွယ်စီမံမှုမူကို ခြေပြုလေးစားလိုက်နာထားသော တရားမျှတမှုနှင့် သာတူညီမျှမှုရှိသောအကျိုးမြတ်ခွဲဝေမှု၊ ဖြစ်နိုင်ချေရှိသော စွန့်စားရမှုများပါဝင်သည့်၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်မှုများကို ပဏာမအကဲဖြတ်ဆန်းစစ်ခြင်းရလဒ်၊
- အဆိုပြုထားသော စီမံကိန်းအကောင်ထည်ဖော်ရာတွင် ပါဝင်လာနိုင်မည့်သူများ (ဌာနေတိုင်းရင်းသားများအပါဝင်/ပုဂ္ဂလိကကဏ္ဍမှ ဝန်ထမ်းများ၊ သုတေတနအဖွဲ့စည်းများ၊ ငွေကြေးရင်းနှီးမြှုပ်နှံသူများ၊ ဘဏ်များ၊ အစိုးရဝန်ထမ်းများနှင့် အခြား)၊ စီမံကိန်းတွင်ပါဝင်လာမည့် လုပ်ထုံးလုပ်နည်းများ။

### သဘောထားရယူခြင်း

- ညှိနှိုင်းတိုင်ပင်ခြင်းနှင့် ပူးပေါင်းပါဝင်ခြင်းများသည် သဘောထားရယူခြင်းလမ်းစဉ်၏ အရေးပါသော အစိတ်အပိုင်းဖြစ်သည်။
- ညှိနှိုင်းတိုင်ပင်ခြင်းကို သဘောရိုး/သဘောမှန်ဖြင့် ပြုလုပ်သင့်သည်။
- အပြည့်အဝ သာတူညီမျှမှုရှိသော ပူးပေါင်းပါဝင်မှုနှင့် အချင်းချင်းလေးစားမှုရှိသော ပတ်ဝန်းကျင်အနေထားတွင် သင့်လျော်သော ဖြေရှင်းချက်များရှာဖွေနိုင်ရန်အတွက် အခွင့်ရေးပေးထားသော အပြန်လှန်ဆွေးနွေးခြင်းများကို ပြုလုပ်သင့်သည်။
- သဘောတူညီမှုရယူခြင်းဆိုသည်မှာ သတ်မှတ်ထားသော အဆိုပြုချက်(သို့) လုပ်ဆောင်မှုနှင့် စပ်လျဉ်း၍ အမှီခိုကင်းသောစုပေါင်းဆုံးဖြတ်ချက်တစ်ခု၏ ရလဒ်ပင်ဖြစ်သည်။
- ဌာနေတိုင်းရင်းသားတို့၏ သဘောတူညီမှုများသည် သက်ဆိုင်သော သတင်းအချက်အလက်များရရှိမှု၊ ညှိနှိုင်းတိုင်ပင်မှု၊ အချင်းချင်းအတွင်းတွင် စဉ်းစားသုံးသပ်ခြင်း လမ်းစဉ်အားဖြင့် သဘောတူခြင်း/ မတူခြင်းအပေါ် အမှီခိုကင်းသော စုပေါင်းဆုံးဖြတ်ချက်ချမှတ်ခြင်းဖြင့် ရရှိသည်။
- ကျား/မရေးရာဂျဲန်ဒါအမြင်သဘောထားများ၊ ဌာနေတိုင်းရင်းသူအမျိုးသမီးများ၏ ပူးပေါင်းပါဝင်မှုသည် မဖြစ်မနေအရေးကြီးသည့်အပြင် ကလေးများနှင့် လူငယ်များကိုလည်း သင့်လျော်သလိုပါဝင်စေသင့်သည်။

# လွတ်လပ်သော ကြိုတင်အသိပေးတိုင်ပင်မှုနှင့် လူထုသဘောထားရယူခြင်း အက်ဖ်ပီအိုင်စီ (FPIC) ဆိုင်ရာ အခွင့်အရေးနှင့် ရက်(ဒ်)အပေါင်း (REDD+)

4

## အဘယ့်ကြောင့် ရက်(ဒ်)အပေါင်း(REDD+)သည် FPICအေက်ဖ်ပီအိုင်စီကို လိုအပ်သနည်း။







ရက်(ဒ်)အပေါင်း(REDD+)နောက်ကွယ်ရှိ အခြေခံသဘောသဘာဝမှာ နိုင်ငံများသည် သစ်တောများကို စီမံခန့်ခွဲခြင်းနှင့် ကာကွယ်ခြင်းများတိုးမြှင့်ခြင်းကြောင့် ကာဗွန်သိုလှောင်နိုင်ခြင်းပမာဏကို တိုင်းတာပြီး အောင်မြင်ပါက အကျိုးခံစားခွင့်ရရှိမည်ဖြစ်သည်။ သို့သော် လက်တွေ့အကောင်အထည်ဖော်ရာတွင် ခက်ခဲရှုပ်ထွေးမှုရှိသည်။

- ရက်(ဒ်)အပေါင်း(REDD+)နှင့်ပတ်သတ်၍ သဘောတူညီချက်မှာ ကောင်းမွန်သော်လည်း အမျိုးသားရေး အခြေနေများ၊ လုပ်ဆောင်နိုင်စွမ်းများနှင့် အချုပ်ခြာအာဏာပိုင်မှုများကို ထပ်တလဲလဲကိုး ကားနေသဖြင့် အစိုးရများအတွက် ပြောင်းလွယ်ပြင်လွယ်မှုများစွာ ကိုဖြစ်စေသည်။
- ရက်(ဒ်)အပေါင်း(REDD+) မူဝါဒဖော်ဆောင်ခြင်း၊ နမူနာစီမံကိန်းများနှင့် သရုပ်ပြဧရိယာများသည် ဌာနေတိုင်းရင်းသားသန်းပေါင်းများစွာကို အကျိုးသက်ရောက်မှုများဖြစ်စေလိမ့်မည်။
- ရက်(ဒ်)အပေါင်း(REDD+)စီမံကိန်းများကို ဒီဇိုင်းရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ရာတွင် ဌာနေတိုင်းရင်းသားတို့၏ လိုအပ်ချက်များ၊ မြေယာနှင့် သယံဇာတအခွင့်ရေးများကိုအသိမှတ်ပြုရန် အရေးကြီးသည်။
- လက်ရှိ ရက်(ဒ်)အပေါင်း(REDD+)စီမံကိန်းများတွင် ဆန်းပြားရှုပ်ထွေးသော ခေတ်ပေါ်နည်းပညာများ ပါဝင်လေ့ရှိကာ ပညာရည်မြင့်မားသော ကျွမ်းကျင်ပညာရှင်များက ဦးဆောင်ထိန်းချုပ်ထားသည်။
- စိန်ခေါ်မှုမှာ ရက်(ဒ်)အပေါင်း(REDD+)စီမံကိန်းများကို ရပ်ရွာလူထုထိန်းချုပ်မှုအောက်တွင် ရှိစေရန်ခွင့်ပြုသည့် လက်တွဲလုပ်ဆောင်နိုင်မည့် နည်းလမ်းနှင့် စနစ်များ ကိုဖော်ဆောင်ရန်ဖြစ်သည်။
- ရက်(ဒ်)အပေါင်း(REDD+)စီမံကိန်းတွင် ဒေသခံတို့၏ ထိန်းချုပ်မှုနှင့် လုပ်ပိုင်ခွင့်ပေးထားကြောင်းပေါ်လွင်စေရန်အတွက် ရပ်ရွာအခြေခံသည့် ရက်(ဒ်)အပေါင်း(REDD+)စီမံကိန်းများဖြင့် ချဉ်းကပ်ရန် ဌာနေတိုင်းရင်းများက ရွေးချယ်ထားပါသည်။







### ကာဗွန်မဟုတ်သော အကျိုးကျေးဇူးများ

ရက်(ဒ်)အပေါင်း(REDD+)တွင် ယခုအခါ ဇီဝမျိုးစုံမျိုးကွဲများကို ထိန်းသိမ်းခြင်းနှင့် ဌာနေတိုင်းရင်းသားတို့၏ ရေရှည်တည်တံ့သော အသက်မွေးဝမ်းကျောင်းများကိုပါ ထည့်သွင်းစဉ်းစားပေးလာသည်။

ဤ "ထပ်တိုးအကျိုးကျေးဇူးများ" သည် ဌာနေတိုင်းရင်းသားတို့အတွက် ကာဗွန်ထက်ပို၍ အရေးကြီးပေသည်။

ထို့ကြောင့် ကာဗွန်ထုတ်လွှတ်မှုကို လျှော့ချခြင်းနှင့် ကာဗွန်စုပ်ယူခြင်းကို တိုးမြှင့်ရာတွင် ရပ်ရွာကို အခြေခံသည့် ရက်(ဒ်)အပေါင်း(REDD+)၏ ရည်ရွယ်ချက်မှာအားလုံးအကျိုးအမြတ်ရစေမည့် အခြေအနေကို ရရှိစေရန်ဖြစ်ပြီး ထိုမှတဆင့် ရာသီဥတု၊ ဇီဝမျိုးစုံမျိုးကွဲများနှင့် ရပ်ရွာများကို အကျိုးကျေးဇူးရရှိစေရန်ဖြစ်သည်။

### အခြားသော စီမံကိန်းများထက် ဒေသခံတို့ကို အခြေခံသောရက်(ဒ်)အပေါင်း(REDD+) စီမံကိန်းဆိုသည်မှာ–

- ပူးပေါင်းပါဝင်သော ဌာနေတိုင်းရင်းသားတို့၏ လွတ်လပ်သော ကြိုတင်အသိပေးတိုင်ပင်၍ ရယူထားသော သဘောထားပါဝင်ရမည်။
- ဌာနေတိုင်းရင်းသားတို့၏ မြေယာနှင့် သယံဇာတရပိုင်ခွင့်တို့ကို လုံခြုံစေရန် လိုအပ်ချက်များကို ဖြေရှင်းဆောင်ရွက်ထားရမည်။
- ဌာနေတိုင်းရင်းသားများသည် ကိုယ်ပိုင်သစ်တောစီမံအုပ်ချုပ်ပိုင်ခွင့်နှင့် (သို့) အနည်းဆုံး မိမိတို့၏သစ်တောများကို ထိန်းသိမ်းခြင်းနှင့် စီမံခန့်ခွဲခြင်းနှင့်ပတ်သတ်ပြီး ဆုံးဖြတ်ချက်ချရာတွင် အပြည့်အဝပူးပေါင်းပါဝင်မှုကို သေချာစေရမည်။
- ဌာနေတိုင်းရင်းသားတို့၏ အသိပညာနှင့် အလေ့အကျင့်များကို အခြေခံပြီး ခိုင်မာအားကောင်းစေရန်ဆောင်ရွက်ရမည်။
- ဌာနေတိုင်းရင်းသားတို့၏ ရိုးရာအသက်မွေးဝမ်းကျောင်းမှု၊ သဘာဝသံယံဇာတ စီမံခန့်ခွဲမှုနှင့် မြေယာလုပ်ပိုင်ခွင့်စနစ်ဆိုင်ရာ အခွင့်အရေးများကို လေးစားလိုက်နာရမည်။
- သဘာဝသစ်တောများနှင့် ဇီဝမျိုးစုံမျိုးကွဲများထိန်းသိမ်းခြင်းကို သေချာစေရမည်။
- ရပ်ရွာလူထုအတွင်း ရက်(ဒ်)အပေါင်း(REDD+)မှရှိသော အကျိုးမြတ်ခွဲဝေရာတွင် သာတူညီမျှမှုရှိကြောင်း သေချာစေရမည်။
- လုပ်ငန်းတိုင်းတွင် ဌာနေတိုင်းရင်းသူအမျိုးသမီးများ၏ အပြည့်အဝပူးပေါင်းပါဝင်မှုကို သေချာစေရမည်။

# မည်သူတို့မှာ ဌာနေတိုင်းရင်းသားများဖြစ်ကြသနည်း။


5

## ဌာနေတိုင်းရင်းသားများ၊ လူမျိုးများနှင့် သီးသန့်လူမျိုးများဆိုသည်မှာ –

- မိမိတို့၏မြေပိုင်နက်တွင် ကိုလိုနီများကျူးကျော်ဝင်ရောက်သိမ်းပိုက်၍ လူမှုအသိုင်းအဝိုင်းများ မတည်ထောင်မီကတည်းက သမိုင်းအစဉ်အဆက်နေထိုင်လာခဲ့သူများ။
- လက်ရှိမြေပိုင်နက်များတွင် နေထိုင်သည့် လူမှုအသိုင်းအဝန်းများနှင့် မတူညီတမူထူးခြားကွဲပြားသူများဖြစ်ကြောင်း မိမိကိုယ်ကို လက်ခံထားသူများ။
- လက်ရှိလူမှုအသိုင်းအဝိုင်းတွင် ကြီးစိုးလွှမ်းမိုးချုပ်ကိုင်နေခြင်း မရှိသောသူများ။
- မိမိတို့၏ ကိုယ်ပိုင်ယဉ်ကျေးမှုပုံစံများ၊ လူမှုအဖွဲ့အစည်းနှင့် ဓလေ့ထုံးတမ်းဥပဒေစနစ်များနှင့်အညီ မိမိတို့၏ ပိုင်နက်နယ်မြေများနှင့် လူမျိုးစု၏ ထင်ရှားသော ကိုယ်ပိုင်လက္ခဏာများကို ထိန်းသိမ်းဖွံ့ဖြိုးတိုးတက်စေ၍ နောင်မျိုးဆက်များထံ လက်ဆင့်ကမ်းပေးရန် ပြင်ဆင်ဆောင်ရွက်သူများ။

သမိုင်းအစဉ်အဆက်နေထိုင်ခဲ့သူများဖြစ်ကြောင်း အောက်ပါအချက်တစ်ခု (သို့မဟုတ်) တစ်ခုထက်ပိုသော အကြောင်းအရာများနှင့် ကိုက်ညီမှုရှိရမည်။

(က) အားလုံး(သို့မဟုတ်)အနည်းဆုံးအနေဖြင့် တချို့သောဘိုးဘွားပိုင်နယ်မြေများပိုင်ဆိုင်ကြသူများ။
(ခ) လက်ရှိမြေများကို နဂိုမူလပိုင်ဆိုင်ခဲ့သူများနှင့် တူညီသောလူမျိုးစုမျိုးဆက်များ။
(ဂ) ယေဘုယျအားဖြင့် ယဉ်ကျေးမှု(သို့မဟုတ်) အထူးပေါ်လွင်သည့်အချက်များ (ဥပမာအားဖြင့် ဘာသာကိုးကွယ်မှု၊ မျိုးနွယ်စုစနစ်အတွင်းနေထိုင်သူများ၊ ဌာနေတိုင်းရင်းသားလူမျိုးစုဝင်များ၊ အဝတ်အစား၊ အသက်မွေးဝမ်းကျောင်းမှုပုံစံ၊ အသက်ရှင် နေထိုင်မှုပုံစံ၊ စသည်ဖြင့်)။
(ဃ) ဘာသာစကား၌လည်း ကိုယ်ပိုင်ဘာသာစကား၊ မိခင်ဘာသာစကား၊ အိမ်(သို့) မိသားစုအတွင် းဆက်သွယ်ရန်အသုံးပြုသော ဘာသာစကား၊ အဓိက ပိုမိုနှစ်သက်စွာ အသုံးပြုလေ့ရှိသော ဘာသာစကားများကို အသုံးပြုသူများ။
(င) တိုင်းပြည်တွင်းရှိနေရာဒေသတစ်ခုတွင် သီးခြားနေထိုင်သူများ(သို့) ကမ္ဘာ့နေရာဒေသတစ်ခုတွင်သီးခြား နေထိုင်သူများ။




### ကမ္ဘာ့ဌာနေတိုင်းရင်းသားများ

ကမ္ဘာတဝှမ်းလုံးတွင် ဘာသာစကားအမျိုးပေါင်း ၅၀၀၀ မှ ၇၀၀၀အထိရှိပြီး ၄င်းတို့အနက် ဌာနေတိုင်းရင်းသားတို့၏ ဘာသာစကားမှာ အမျိုးအစား ၄၀၀၀မှ ၅၀၀၀ အထိရှိသည်။ ဌာနေတိုင်းရင်းသားများသည် ကမ္ဘာ့လူဦးရေ၏ ၄. ၄%၊ လူဦးရေအားဖြင့် သန်းပေါင်း ၃၀၀ခန့် ရှိသည်။





### အာရှတိုက်ရှိ ဌာနေတိုင်းရင်းသားများ

- တောင်အာရှ၊ အရှေ့တောင်အာရှနှင့် အရှေ့အာရှဒေသတွင်း၌ပင် ဌာနေတိုင်းရင်းသားဦးရေ သန်း ၂၆၀ခန့် ရှိနေပါသည်။
- တိုင်းရင်းသားမျိုးနွယ်စုပေါင်း ၂၀၀၀ကျော်ခန့် ရှိပါသည်။
- ဌာနေတိုင်းရင်းသားများကို ဌာနေတိုင်းရင်းသားများ၊ အာဒီဗာစီ၊ တိုင်းရင်းသားလူမျိုးစုငယ်များ၊ လူမျိုးစုများ၊ တောင်ပေါ်နေတိုင်းရင်းသားများ၊ တိုင်းရင်းသားလူမျိုးများဟု နိုင်ငံအသီးသီးတွင် မတူညီသောအသုံးအနှုန်းများဖြင့် ခေါ်ဝေါ်ကြသည်ကို တွေ့ရှိရပါသည်။





# ကုလသမဂ္ဂ

6

## ကုလသမဂ္ဂဆိုသည်မှာအဘယ်နည်း။

- ၁၉၄၅ခုနှစ်တွင် စတင်ဖွဲ့စည်းတည်ထောင်ခဲ့သည့် နိုင်ငံတကာ အဖွဲ့အစည်းဖြစ်ပါသည်။
- အဖွဲ့ဝင်ပေါင်း ၁၉၄ နိုင်ငံပါပြီး လွတ်လပ်သောအချုပ်အခြာအာဏာပိုင်နိုင်ငံအစိုးရများ ကိုယ်ထူကိုယ်ထစုပေါင်းပါဝင်ထားသည့် အဖွဲ့အစည်းဖြစ်ပါသည်။
- ကုလသမဂ္ဂပဋိညာဉ်စာချုပ်ကို ခြေပြုဆောင်ရွက်သည့် အဖွဲ့အစည်းဖြစ်ပါသည်။



## ကုလသမဂ္ဂ၏ ရည်ရွယ်ချက်မှာ အဘယ်နည်း။

ကုလသမဂ္ဂပဋိညာဉ်စာချုပ်၊ ပုဒ်မ(၁)တွင် ဖော်ပြထားသည်မှာ -

- ကမ္ဘာ့နိုင်ငံများ၏ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကိုဖော်ဆောင်ရန်။
- လူမှုရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်အတွက် မြှင့်တင်ဆောင်ရွက်ရန်။
- ကမ္ဘာ့နေရာအနှံ့အပြားတွင် လူ့အခွင့်အရေးကို အလေးထားစေရန်အတွက် ဆောင်ရွက်ပေးရန်။



## ကမ္ဘာ့ကုလသမဂ္ဂ၏လူ့အခွင့်အရေးဆိုင်ရာ ဆောင်ရွက်ချက်များ။

- ၁၉၄၈ခုနှစ်တွင် ကမ္ဘာ့ကုလသမဂ္ဂအထွေထွေညီလာခံမှ အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးကြေငြာစာတမ်းကို အတည်ပြုကြေငြာခဲ့သည်။
- အခြားလူ့အခွင့်အရေးနှင့် စပ်ဆိုင်သည့် သဘောတူစာချုပ်များမှာ -
  - □ နိုင်ငံတကာလူမျိုးရေးဖိနှိပ်ခွဲခြားဆက်ဆံမှုများ အလုံးစုံပပျောက်ရေး သဘောတူစာချုပ်၊
  - □ နိုင်ငံတကာနိုင်ငံသားနှင့် နိုင်ငံသားအခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်၊
  - □ နိုင်ငံတကာစီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာအခွင့်အရေးများ သဘောတူစာချုပ်၊
  - □ အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားထားမှုပပျောက်ရေး သဘောတူစာချုပ်။
- အထွေထွေညီလာခံအောက်ရှိ လူ့အခွင့်အရေးကောင်စီသည် အဖွဲ့ဝင်နိုင်ငံများ၏ ကမ္ဘာတဝှမ်းအလှည့်ကျ လူ့အခွင့်အရေးအခြေအနေလေ့လာသုံးသပ်ခြင်းများကို ဆောင်ရွက်သည်။
- စီးပွားရေးနှင့် လူမှုရေးကောင်စီတွင် ကော်မရှင်အဖွဲ့နှင့် အဖွဲ့အစည်းများရှိကြသည်။ ဥပမာ - ဌာနေတိုင်းရင်းသားရေးရာအမြဲတမ်းဖိုရမ်။

## ကုလသမဂ္ဂ၏ အခြေခံဖွဲ့စည်းပုံ

### ကုလသမဂ္ဂ၏ ဌာနစိတ်များ

- ကုလသမဂ္ဂ ဖွံ့ဖြိုးရေးအစီအစဉ်။
- ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး။
- ကမ္ဘာ့ကုလသမဂ္ဂကလေးများရံပုံငွေအဖွဲ့။
- ကုလသမဂ္ဂပတ်ဝန်းကျင်ထိန်းသိမ်းရေး အစီအစဉ်။

### အထူးအဖွဲ့အစည်းများ

- ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့။
- ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုဆိုင်ရာ အဖွဲ့အစည်း။
- ကမ္ဘာ့ကျန်းမာရေးအဖွဲ့။
- ကမ္ဘာ့ ကုန်သည်ကြီးများအဖွဲ့။

အထွေထွေအတွင်းရေးမှူး

အန်တိုနီယိုဂူတာရက်စ်

လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်သည်။

### အထွေထွေညီလာခံ

အဖွဲ့ဝင် (၁၉၄) နိုင်ငံ (၁)နိုင်ငံ (၁)မဲ ထောက်ခံချက်ပေးသည်။

### လုံခြုံရေးကောင်စီ



ဗီတိုအာဏာရှိသော အမြဲတမ်းအဖွဲ့ဝင်(၅)နိုင်ငံ

၂နှစ် တစ်ကြိမ်အလှည့်ကျရွေးချယ်သည့် အမြဲတမ်းအဖွဲ့ဝင် မဟုတ်သော ၁၀နိုင်ငံဆုံးဖြတ်ချက်ချမှတ်ခြင်းဖြစ်သည်။

ငြိမ်းချမ်းရေးထိန်းသိမ်းရေး အင်အားစုများ

စီးပွားရေးနှင့် လူမှုရေးကောင်စီ

အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုတရားရုံး

အပြည်ပြည်ဆိုင်ရာ တရားရုံး

# ၇ ဌာနေတိုင်းရင်းသားများနှင့် ကမ္ဘာ့ကုလသမဂ္ဂ

## ကမ္ဘာ့ကုလသမဂ္ဂပြင်ပတွင်ရှိသော ဌာနေတိုင်းရင်းသားများ

- ကုလသမဂ္ဂပဋိညာဉ်စာတမ်းအပိုဒ်ခွဲ(၁)တွင် လူထု၏ကိုယ်ပိုင်ပြဌာန်းပိုင်ခွင့်နှင့် တန်းတူညီမျှအခွင့်အရေးများဆိုင်ရာမူဝါဒကို အသိအမှတ်ပြုထားပါသည်။ နိုင်ငံများကသာ အဖွဲ့ဝင်များဖြစ်ကြသည်။
- ဌာနေတိုင်းရင်းသားအများစုတွင် လူမျိုးအလိုက်သော်လည်းကောင်း၊ နိုင်ငံအလိုက်သော်လည်းကောင်း ခိုင်မာသည့် ကိုယ်ပိုင်ဝိသေသလက္ခဏာများရှိကြသော်လည်း ၄င်းတို့သည် ကုလသမဂ္ဂအဖွဲ့ဝင်များမဟုတ်ကြပါ။

---

## ကုလသမဂ္ဂမှ အသိအမှတ်ပြုခံရရေးအတွက် ကြိုးပမ်းဆောင်ရွက်ခြင်း

- (၁၉၂၃) - တွင် ကနေဒါနိုင်ငံမှ အီရိုကွိုမဟာမိတ်ကောင်စီအဖွဲ့၏ ခေါင်းဆောင်ဖြစ်သူ ဒဲ့ကာဟဲသည် မိမိလူမျိုးစုနှင့် ကနေဒါအစိုးရအကြား အငြင်းပွားမှုများကို ကူညီဖြေရှင်းပေးရန်အတွက် ဂျီနီဗာနိုင်ငံသို့ သွားရောက်ခဲ့သည်။

---

## အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့(အိုင်အဲလ်အို)သဘောတူညီမှုအမှတ် ၁၀၇နှင့် ၁၆၉ ရှိဖော်ပြချက်

- (၁၉၅၇) - အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့မှ ဌာနေတိုင်းရင်းသားနှင့် မျိုးနွယ်စုများအတွက် သဘောတူညီချက်အမှတ် ၁၀၇ ကိုအတည်ပြုခဲ့သည်။ ၁၉၈၉ ခုနှစ်တွင် သဘောတူညီချက်အမှတ် ၁၆၉ ကို ပြင်ဆင်အတည်ပြုခဲ့သည်။

---

## ဌာနေတိုင်းရင်းသား လူထုဆိုင်ရာကုလသမဂ္ဂအလုပ်အမှုဆောင်အဖွဲ့နှင့် ကုလသမဂ္ဂဌာနေတိုင်းရင်းသားအခွင့်အရေးဆိုင်ရာ ကြေငြာစာတမ်း (ယူအဲန်ဒရစ်)

- (၁၉၇၁) - ခုနှစ်တွင် ကမ္ဘာ့ကုလသမဂ္ဂမှ အီကွေဒေါနိုင်ငံရှိ မစ္စတာ ဂျိုစ့်မာတင်နိကိုဘိုအား ဌာနေတိုင်းရင်းသားလူထုတို့ ရင်ဆိုင်ကြုံတွေ့နေရသည့် ဖိနှိပ်ချုပ်ခြယ်မှုများအကြောင်းလေ့လာရန်အတွက် အထူးစုံစမ်းစစ်ဆေးရေးအရာရှိအဖြစ်ခန့်အပ်ပြီး တာဝန်ပေးခဲ့သည်။ သူ၏အစီရင်ခံစာကို ၁၉၈၆ခုနှစ်တွင် အပြီးသတ်ထုတ်ပြန်ခဲ့ပါသည်။
- (၁၉၈၂) - ခုနှစ်တွင် ဌာနေတိုင်းရင်းသားလူထုဆိုင်ရာ ကုလသမဂ္ဂအလုပ်အမှုဆောင်အဖွဲ့ကို ဖွဲ့စည်းခဲ့သည်။ ဤအဖွဲ့မှနေ၍ ဌာနေတိုင်းရင်းသားများနှင့်အတူ ၂၀၀၆ခုနှစ်အထိ လက်တွဲလုပ်ဆောင်၍ ဌာနေတိုင်းရင်းသားအခွင့်အရေးကြေငြာစာတမ်းမူကြမ်းကို တင်ပြဆွေးနွေးခဲ့သည်။ ၂၀၀၇ ခုနှစ်တွင် ကုလသမဂ္ဂဌာနေတိုင်းရင်းသားများအခွင့်အရေးဆိုင်ရာကြေငြာစာတမ်း (ယူအဲန်ဒရစ်)ကို အတည်ပြုခဲ့သည်။

---

## ဌာနေတိုင်းရင်းသားရေးရာ အမြဲတမ်းရုံးထိုင်ရာအရပ်နှင့် အထူးကိုယ်စားလှယ်

- (၂၀၀၀) - ခုနှစ်တွင် ကုလသမဂ္ဂစီးပွားရေးနှင့် လူမှုရေးကောင်စီမှ ဌာနေတိုင်းရင်းသားရေးရာအမြဲတမ်းဖိုရမ်ကို တည်ထောင်ခဲ့သည်။ ၄င်းသည် နှစ်စဉ်နှစ်တိုင်း အမေရိကန်နိုင်ငံ၊ နယူးရောက်မြို့တွင်တွေ့ဆုံဆွေးနွေးမှုများပြုလုပ်ခဲ့ပါသည်။
- (၂၀၀၁) - ခုနှစ်တွင် လူ့အခွင့်အရေးဆိုင်ရာကော်မရှင်မှ ဌာနေတိုင်းရင်းသားများ၏ လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များအတွက် အထူးစုံစမ်းစစ်ဆေးရေးအရာရှိကို ပထမဆုံးအကြိမ်ခန့်အပ်ခဲ့သည်။

---

## ဌာနေတိုင်းရင်းသားအခွင့်အရေးဆိုင်ရာ ကျွမ်းကျင်သူများအဖွဲ့

- (၂၀၀၇) - ခုနှစ်တွင် လူ့အခွင့်အရေးဆိုင်ရာကောင်စီမှ ဌာနေတိုင်းရင်းသားအခွင့်အရေးဆိုင်ရာကျွမ်းကျင်သူများအဖွဲ့ (အဲမရစ်) ကိုတည်ထောင်ဖွဲ့စည်းခဲ့ပါသည်။





# ကုလသမဂ္ဂဌာနေတိုင်းရင်းသား အခွင့်အရေးဆိုင်ရာ ကြေငြာစာတမ်း – ယူအဲန်ဒရစ် (UNDRIP)

8

## ကိုင်ပိုင်ပြဌာန်းပိုင်ခွင့်

- ကိုယ်ပိုင်ပြဌာန်းခွင့်ဆိုသည်မှာ ဌာနေတိုင်းရင်းသားများ၏ နိုင်ငံရေး ၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုဓလေ့ထုံးစံများနှင့် ဖွံ့ဖြိုးတိုးတတ်မှုတို့ကို ၄င်းတို့၏ စုပေါင်းဘုံသဘောတူညီချက်ဖြင့် လွတ်လပ်စွာဆုံးဖြတ်ပိုင်ခွင့်ရှိခြင်းကို ဆိုလိုပါသည်။
- ဌာနေတိုင်းရင်းသားများသည် မိမိတို့၏ မတူကွဲပြားနေသည့် နိုင်ငံရေး၊ ဥပဒေရေး၊ စီးပွားရေး ၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အဖွဲ့အစည်းများကို ထိန်းသိမ်းခွင့်နှင့် ခိုင်မာအားကောင်းလာအောင် ပြုလုပ်ပိုင်ခွင့်ရှိပြီး ၊ ၄င်းတို့နေထိုင်သောနိုင်ငံအတွင်းရှိ ထိုသို့သောကဏ္ဍများတွင်လည်း အပြည့်အဝ လွတ်လပ်စွာ ပူးပေါင်းပါဝင်ဆောင်ရွက်ခွင့်ရှိသည်။
- ဌာနေတိုင်းရင်းသားများသည် မိမိတို့၏ ဓလေ့ထုံးတမ်း ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ကိုင်ပိုင်ဝိသေသလက္ခဏာများကို ပြဌာန်းပိုင်ခွင့်ရှိပြီး၊ မိမိတို့၏ ဖွဲ့စည်းပုံ၊ သတ်မှတ်ချက်နှင့်ညီသော ခေါင်းဆောင်ရွေးချယ်ခြင်း၊ အဖွဲ့ဝင်သတ်မှတ်ခြင်းတို့ ပြုလုပ်ပိုင်ခွင့်ရှိသည်။

## မြေယာပိုင်နက်မြေများနှင့် သံယဇာတအရင်းအမြစ်များဆိုင်ရာ အခွင့်အရေး

- နိုင်ငံအစိုးရများသည် ဌာနေတိုင်းရင်းသားများ ပိုင်ဆိုင်သော မြေယာပိုင်နက်နယ်မြေများနှင့် သယံဇာတအရင်းအမြစ်များကို ၄င်းတို့၏ ထုံးထမ်းစဉ်လာရိုးရာယဉ်ကျေးမှုနှင့်အညီ အသိအမှတ်ပြုကာကွယ်ထိန်းသိမ်းမည်။
- ဌာနေတိုင်းရင်းသားများ၏ ရိုးရာဓလေ့ယဉ်ကျေးမှုအရ မတူထူးခြားသည့် ဆက်နွယ်မှုရှိသော မြေယာပိုင်နက်နယ်မြေများနှင့် သယံဇာတအရင်းအမြစ်များကို ထိန်းသိမ်းစောင့်ရှောက်အားကောင်းစေပြီး မျိုးဆက်သစ်များထဲ လက်ဆင့်ကမ်းလွှဲပြောင်းပေး ပိုင်ခွင့်များရှိသည်။
- ဌာနေတိုင်းရင်းသားလူများ၏ သဘောဆန္ဒနှင့်အညီ ၄င်းတို့ ဒေသရှိ မြေယာ၊ ပိုင်နက်နယ် မြေများနှင့် သယံဇာတအရင်းအမြစ်များဆိုင်ရာ အငြင်းပွားမှုများကို ပွင့်လင်းမြင်သာပြီး တရားမျှတစွာ အသိအမှတ်ပြု ဖြေရှင်းဆောင်ရွက်ပေးရမည်။

## လွတ်လပ်သော၊ ကြိုတင်အသိပေးတိုင်ပင်မှုနှင့် လူထုသဘောထားရယူခြင်း(အက်ဖ်ပီအိုင်စီ)

ဌာနေတိုင်းရင်းသားများအတွက် လွတ်လပ်စွာကြိုတင်အသိပေးမှုနှင့် လူထုသဘောထားရယူခြင်းဆိုင်ရာ ဆုံးဖြတ်ချက်ချမှတ်ခြင်းလုပ်ငန်းစဉ်များကို အောက်ပါအခြေအနေများတွင် လိုအပ်ပါသည်။

- ဌာနေတိုင်းရင်းသားများအား ၄င်းတို့၏ မြေယာ၊ ပိုင်နက်မြေများမှ မည်သည့်အတင်းအဓမ္မဖယ်ရှားခြင်း၊ နေရာရွှေ့ပြောင်းခြင်း။
- ဌာနေတိုင်းရင်သားများအပေါ် သက်ရောက်မှုရှိသည့် မည်သည့် စည်းမျဉ်း ဥပဒေများ ပြဌာန်းခြင်း၊ ပြောင်းလဲခြင်း၊ အသစ်ထုတ်ပြန်ခြင်း။
- ဌာနေတိုင်းရင်းသားများ၏ မြေယာ၊ ပိုင်နက်မြေများတွင်ပြုလုပ်မည့် မည်သည့် ဖွံ့ဖြိုးရေး၊ အထူးသဖြင့် သတ္တု၊ ရေနှင့် အခြားသယံဇာတအရင်းအမြစ်များ ထုတ်ယူတူးဖော်ခြင်း။
- ဌာနေတိုင်းရင်းသားတို့၏ မြေယာနှင့် ပိုင်နက်မြေများပေါ်တွင် အန္တရာယ်ဖြစ်စေမည့်(သို့) အဆိပ်အတောက်ဖြစ်စေမည့် မည်သည့်ပစ္စည်းမဆို သိုလှောင်ခြင်း ၊ စွန့်ပစ်ခြင်းများ။

## ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အခွင့်အရေး

- ဌာနေတိုင်းရင်းသားများသည် မိမိဘဝအသက်ရှင်ရပ်တည်ရေး၊ မိမိတို့၏ ရိုးရာယဉ်ကျေးမှုဆိုင်ရာနှင့် အခြားစီးပွားရေးလုပ်ငန်းများကို လွတ်လပ်စွာ ပါဝင်ဆောင်ရွက်နိုင်သော ဖွံ့ဖြိုးရေးတွင် ၄င်းတို့၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစနစ်များနှင့် အဖွဲ့အစည်းများအတိုင်း ထိန်းသိမ်းဆောင်ရွက်၍ ဖွံ့ဖြိုးပိုင်ခွင့်ရှိသည်။
- မိမိတို့၏ အသက်ရှင်နေထိုင်ရေးနည်းလမ်းများကို ပိတ်ပင်တားဆီးခံရပါက တရားမျှတစေရန် ဖြေရှင်းဆောင်ရွက်ပိုင်ခွင့်ရှိသည်။
- မိမိတို့၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် ဦးစားပေးဆောင်ရွက်ရမည့် အရာများနှင့် နည်းဗျူဟာများကို သတ်မှတ်ဆုံးဖြတ်ပိုင်ခွင့်နှင့် မည်သည့် ဖွံ့ဖြိုးရေးအစီအစဉ်များတွင်မဆို တက်ကြွစွာပါဝင်ခွင့်ရှိသည်။
- နိုင်ငံတော်အစိုးရအနေဖြင့် ဌာနေတိုင်းရင်းသားများ၏ စီးပွားရေးနှင့် လူမှုရေးအခြေအနေများ တိုးတက်လာစေမည့် အထူးလုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်ပေးရမည်။

## ရိုးရာယဉ်ကျေးမှု နှင့် ယဉ်ကျေးမှုအမွေအနှစ်

- ဌာနေတိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုကို ဖျက်ဆီးခြင်းနှင့် အခြားယဉ်ကျေးမှုထဲသို့ အတင်းအဓမ္မရောနှောခြင်း မခံရရေးဆိုင်ရာအခွင့်အရေး။
- ၄င်းကဲ့သို့ ဆောင်ရွက်ခြင်းမျိုးကို နိုင်ငံတော်အစိုးရမှ တားဆီးကာကွယ်နိုင်ရန်အတွက် ထိရောက်သည့် လုပ်ငန်းများဆောင်ရွက်ရမည်။
- မိမိတို့၏ ဝိညာဉ်ရေးရာ၊ ဘာသာရေးရာ ဓလေ့ထုံးထမ်းများနှင့် ရိုးရာအခမ်းအနားပွဲတော်များကို ပေါ်ပေါ်ထင်ထင်လက်တွေ့ဆောင်ရွက်ခွင့်၊ သင်ကြားခွင့်၊ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခွင့်ရှိသည်။
- မိမိတို၏ ယဉ်ကျေးမှုအမွေအနှစ်၊ ရိုးရာအသိပညာနှင့် ရိုးရာယဉ်ကျေးမှုအတွေးအခေါ်များ၊ သိပ္ပံနည်းပညာများတို့ကို ထိန်းသိမ်းစောင့်ရှောက် ကာကွယ်၍ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ခွင့်ရှိသည်။

## ပညာရေးနှင့် ကျန်းမာရေး

- ဌာနေတိုင်းရင်းသာများ၏ ပညာရေးစနစ်များနှင့် အဖွဲ့အစည်းများကို ၄င်းတို့၏ ကိုယ်ပိုင်ဘာသာစကား၊ နည်းစနစ်များနှင့်အညီ တည်ထောင်ထိန်းသိမ်းပိုင်ခွင့်ရှိသည်။
- နိုင်ငံတော်ရှိ ပညာရေးအဆင့်အားလုံး၊ ပုံစံအားလုံးကို သင်ယူပိုင်ခွင့်ရှိသည်။
- နိုင်ငံတော်အစိုးရအနေဖြင့် ဌာနေတိုင်းရင်းသားအသီးသီး ပညာရေးလက်လှမ်းမှီစေရန်နှင့် ဖြစ်နိုင်ပါက မိမိတို့၏ယဉ်ကျေးမှုနှင့် သင်ယူနိုင်ခွင့်ရရန် ထိရောက်စွာဆောင်ရွက်ပေးရမည်။
- မိမိတို့၏ ရိုးရာတိုင်းရင်းဆေးကုမှုအလေ့အထများကို ထိန်းသိမ်းခွင့်ရှိသည်။
- ကိုယ်ကာယနှင့် စိတ်ကျန်းမာရေးဆိုင်ရာ အဆင့်မြင့်ကုသပေးမှုများကို ခံစားပိုင်ခွင့်ရှိသည်။

# ဌာနေတိုင်းရင်းသားများနှင့် မြေယာအကြားဆက်နွယ်မှု

9

ကုလသမဂ္ဂအထူးစုံစမ်းစစ်ဆေးရေးအရာရှိ မစ္စတာအီရီကာအိုင်ရင်းအေဒေ့စ်က ၂၀၁၁ တွင် ပြောဆိုခဲ့သည်မှာ-

၁။ ဌာနေတိုင်းရင်းသားများနှင့် ၎င်းတို့၏မြေယာ၊ ပိုင်နက်နယ်မြေများနှင့် သဘာဝ အရင်းအမြစ်များအကြားတွင် ကြီးမားသည့်ဆက်နွယ်မှုရှိကြသည်။
၂။ ၎င်းတို့၏ဆက်နွယ်မှုတွင် လူမှုရေး၊ ယဉ်ကျေးမှု၊ ဝိညာဉ်ရေးရာ၊ စီးပွားရေးနှင့် နိုင်ငံရေး စသည့်ရှုထောင့်အမျိုးမျိုးနှင့် တာဝန်ဝတ္တရားများအသီးသီးရှိကြသည်။
၃။ ၎င်းတို့အထဲတွင် အစုအဖွဲ့အနေဖြင့် ရှိနေသည့်ဆက်နွယ်မှုမှာ အထူးသိသာထင်ရှားသည်။
၄။ မျိုးရိုးစဉ်ဆက် လက်ခံကျင့်သုံးကြသည့် ဤဆက်နွယ်မှုသည် ဌာနေတိုင်းရင်းသားများ၏ ထင်ရှားသောလက္ခဏာ၊ အသက်ရှင်ရပ်တည်မှုနှင့် ယဉ်ကျေးမှုဆိုင်ရာတို့ အတွက် အရေးပါလှပါသည်။

**အပိုဒ် (၂၁)တွင် ဖော်ပြထားသည်မှာ-**

ဌာနေတိုင်းရင်းသားများသည် ၎င်းတို့၏မြေယာ၊ ပိုင်နက်နယ်မြေများ၊ သဘာဝအရင်းအမြစ်များ နှင့် ကြီးမားသောဆက်သွယ်မှုရှိခြင်းအပေါ် အသိအမှတ်ပြုမခံရသကဲ့သို့ အခြားအခြေခံလူ့အခွင့်အရေးများမရရှိခြင်းကြောင့် ဌာနေတိုင်းရင်းသားအသိုက်အမြုံများ တဖြည်းဖြည်းနှင့် ယိုယွင်းပျက်စီးလာသည်ကို တွေ့မြင်ခဲ့ရပါသည်။






- အစုအဖွဲ့ပိုင်ဘုံအခွင့်အရေးများသည် အရေးကြီးသည်။
- နိုင်ငံအစိုးရများသည် အစုအဖွဲ့ပိုင်ဘုံအခွင့်အရေးများကို အသိအမှတ်ပြုလေ့သိပ်မရှိပါ။
- မြေယာများကို ပုဂ္ဂလိကပိုင်ပြုလုပ်ခြင်းသည် မကြာခဏဆိုသလို (မြေယာအခွင့်အလမ်းများနှင့် မြေယာမဲ့များအပေါ် မမျှတမှုများဖြစ်ပေါ်စေပါသည်။)



## UNDRIPထဲရှိ အရေးကြီးသည့် ထောက်ခံအားပေးချက်များ

ပုဒ်မ (၂၅)

ဌာနေတိုင်းရင်းသားလူမျိုးများသည် မိမိတို့မိရိုးဖလာယဉ်ကျေးမှုအရပိုင်ဆိုင်သည့် (သို့)လုပ်ကိုင်စားသောက်နေသည့် (သို့) အသုံးပြုသည့်မြေယာ၊ ပိုင်နက်နယ်မြေများ၊ ရေပြင်များနှင့် ကမ်းရိုးတမ်းဒေသများအပါအဝင် အခြားသယံဇာတအရင်းအမြစ်များနှင့် ထင်ရှားသည့်ရိုးရာကိုးကွယ်မှုများ ဆက်နွယ်မှုရှိကြပြီး ၎င်းတို့ကိုထိန်းသိမ်းစောင့်ရှောက်၍ အနာဂတ်မျိုးဆက်သစ်များကို လက်ဆင့်ကမ်းလွှဲပြောင်းပေးပိုင်ခွင့်ရှိသည်။

ပုဒ်မ (၂၆)

၁။ ဌာနေတိုင်းရင်းသားများသည် မိရိုးဖလာယဉ်ကျေးမှုအရ ပိုင်ဆိုင်သည့်(သို့) လုပ်ကိုင် စားသောက်နေသည့် (သို့) အသုံးပြုသည့် မြေယာပိုင်နက်နယ်မြေများနှင့် သယံဇာတအရင်းအမြစ်များကို ပိုင်ဆိုင်ခွင့်ရှိသည်။
၂။ ဌာနေတိုင်းရင်းသားလူမျိုးများအနေဖြင့် မိမိတို့၏ရိုးရာယဉ်ကျေးမှုအရ ပိုင်ဆိုင်လာသည့်(သို့) ရိုးရာအရ လုပ်ကိုင်စားသောက်နေသည့် မြေယာ၊ ပိုင်နက်နယ်မြေများနှင့် သယံဇာတအရင်းအမြစ်များကို ပိုင်ဆိုင်ခွင့်၊ သုံးစွဲခွင့်၊ ဖွံ့ဖြိုးတိုးတက်ခွင့်နှင့် ထိန်းသိမ်း စောင့်ရှောက်ပိုင်ခွင့်ရှိသည်။
၃။ နိုင်ငံအစိုးရများမှနေ၍ ၎င်းမြေယာများ၊ ပိုင်နက်နယ်မြေများနှင့် သယံဇာတအရင်း အမြစ်များကို ဌာနေတိုင်းရင်းသားတို့၏ ထုံးတမ်းစဉ်လာ၊ ရိုးရာယဉ်ကျေးမှုများနှင့် မြေယာပိုင်ဆိုင်မှုစနစ်များအတိုင်း လေးစားလိုက်နာပြီး တရားဥပဒေအရ လက်ခံအသိအမှတ်ပြု ကာကွယ်ပေးရမည်။


# ဘိုးဘွားပိုင်မြေများကို ကာကွယ်စောင့်ရှောက်နိုင်ရန်အတွက် ရပ်ရွာလူထုပူးပေါင်းပါဝင် ရေးဆွဲထားသော ရပ်ရွာအခြေပြုမြေပုံများရေးဆွဲခြင်း

10

## အင်ဒိုနီးရှားနိုင်ငံတွင် တန်ပြန်မြေပုံရေးဆွဲခြင်း

- အင်ဒိုနီးရှားအစိုးရက နိုင်ငံအတွင်းရှိ သစ်တောမြေနေရာအားလုံးသည် နိုင်ငံပိုင် ပစ္စည်းများဖြစ်ကြောင်းကြေငြာခဲ့သည်။
- ထို့နောက်အစိုးရမှ သစ်ထုတ်လုပ်ရေး၊ သတ္တုတူးဖော်ရေးနှင့် စိုက်ပျိုးမြေလုပ်ပိုင်ခွင့်များအတွက် သစ်တောမြေနေရာများအား မြေပုံရေးဆွဲခွဲဝေသတ်မှတ်ခဲ့သည်။
- ဌာနေတိုင်းရင်းသားများသည် မိမိတို့၏ မြေယာနှင့် သစ်တောဆိုင်ရာ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်နိုင်ရန်အတွက် ကျေးလက်ဒေသအသီးသီးတွင် မိမိတို့၏ပိုင်နက်နယ်မြေများကို ဖော်ပြထားသည့် ရပ်ရွာအခြေပြုမြေပုံများရေးဆွဲပြီး မိမိတို့၏ ဘိုးဘွားပိုင်မြေများအသိအမှတ်ပြုခံရရန်အတွက် တောင်းဆိုခဲ့သည်။
- ၂၀၁၃ခုနှစ်တွင် ဌာနေတိုင်းရင်းသားများ၏ ဘိုးဘွားပိုင်သစ်တောမြေနေရာပိုင်ဆိုင်ခွင့်များကို ဖွဲ့စည်းပုံအခြေခံ ဥပဒေခုံရုံးမှ အသိအမှတ်ပြုခဲ့သည်။
- အာမန်(AMAN)ဟုခေါ် ဆိုသည့် အမျိုးသားအဆင့် ဌာနေတိုင်းရင်းသားညွန့်ပေါင်းအဖွဲ့နှင့် အခြားထောက်ခံအားပေးသည့် အစိုးရမဟုတ်သော လူမှုအဖွဲ့အစည်းများက ၎င်းမြေပုံများကို ကူညီရေးဆွဲကြသည်။ ၎င်းတို့က ဘိုးဘွားပိုင်သစ်တော မြေများသည် ဟက်တာသန်း၄၀ကျော် ရှိမည်ဟု ခန့်မှန်းကြသည်။










## ဖိလစ်ပိုင်နိုင်ငံတွင် ဘိုးဘွားပိုင်နက်နယ်မြေများ ရပိုင်ခွင့်အတွက်ဆောင်ရွက်ခြင်း

- ဖိလစ်ပိုင်နိုင်ငံရှိ ဌာနေတိုင်းရင်းသားများ၏ ဆယ်စုနှစ်များစွာ ကြိုးပမ်းဆောင်ရွက်မှုအပြီးတွင် ဌာနေတိုင်းရင်းသားအခွင့်အရေးဆိုင်ရာဥပဒေကို ၁၉၉၇ခုနှစ်တွင် နိုင်ငံအစိုးရမှထုတ်ပြန်ကြေငြာခဲ့သည်။
- အခြားအချက်များအပါအဝင်၊ ၎င်းဥပဒေသည် ဌာနေတိုင်းရင်းသားများ၏ ဘိုးဘွားပိုင်နက်နယ်မြေများအစုအဖွဲ့လိုက် ဘုံပိုင်ဆိုင်ခွင့်ကို အသိအမှတ်ပြုခဲ့သည်။
- ရပ်ရွာခြေပြုမြေပုံရေးဆွဲခြင်းများသည် အားထုတ်ကြိုးပမ်းမှုထဲ၌ အရေးပါသောကဏ္ဍအဖြစ် ပါဝင်ခဲ့သည်။ ယခုအချိန်တွင် ဘိုးဘွားပိုင်နက်နယ်မြေများကို နိုင်ငံအစိုးရမှ ရေးဆွဲပေးနေပြီဖြစ်သည်။
- မြေဟက်တာ ( ၄. ၅သန်း )ကျော် ပါဝင်သည့် အသိအမှတ်ပြုလက်မှတ်ပေါင်း ၁၆၀ကျော်ကို ဘိုးဘွားပိုင်နက်နယ်မြေများအတွက် ပေးအပ်ခဲ့သည်။
- သတ္တုတွင်းလုပ်ကိုင်ခြင်းကဲ့သို့သော ပိုင်နက်ကျူးလွန်ခြင်းမျိုးမှလည်း ကူညီကာကွယ်ပေးခဲ့သည်။
- ရပ်ရွာခြေပြု သယံဇာတစီမံအုပ်ချုပ်ရေးများတွင်လည်း ပံ့ပိုးကူညီခဲ့သည်။

# ရိုးရာဓလေ့ထုံးတမ်းအရ မြေယာအခွင့်အရေးများနှင့် သဘာဝအရင်းအမြစ်များစီမံခန့်ခွဲမှုဆိုင်ရာ ရပ်ရွာလူထုပူးပေါင်းပါဝင်သော သုတေသနလုပ်ငန်း (ပီအေအာရ် PAR) – ၁

11

## ဘာကြောင့် ရပ်ရွာလူထုပူးပေါင်းပါဝင်သော သုတေသနလုပ်ငန်း(ပီအေအာရ်)ဆောင်ရွက်ရန်လိုအပ်ပါသလဲ။



**ရပ်ရွာအခြေပြုမြေပုံနှင့် ပီအေအာရ်သည် ရပ်ရွာလူထုမှနေ၍ မိမိတို့၏မြေယာနှင့် အရင်းအမြစ်များနှင့်ဆိုင်သည့် ဓလေ့ထုံးတမ်းဆိုင်ရာအခွင့်အရေးများ**

အခိုင်အမာရရှိလာစေရန်အတွက် သက်သေပြနိုင်မည့် အရာများဖြစ်ပါသည်။ မြေယာနှင့် အရင်းအမြစ်ဆိုင်ရာအခွင့်အရေးများရရှိလာပါက-

- လတ်တလောတွင်ပြင်ပမှ မြေယာနှင့် အရင်းအမြစ်များလာရောက် သိမ်းယူခြင်းကို ကာကွယ်တားဆီးနိုင်မည်ဖြစ်သည်။
- အနာဂတ်တွင် ရိုးရာဓလေ့ထုံးတမ်းဆိုင်ရာအခွင့်အရေးများကို တရားဝင်အသိအမှတ်ပြုခံရရန်ဖြစ်ပါသည်။




### ရပ်ရွာအခြေပြုမြေပုံသည် –

- ရပ်ရွာ၏ ပိုင်နက်နယ်နိမိတ်၊
- အတိတ်နှင့် လက်ရှိလူနေထိုင်မှုနေရာများ၊
- ရပ်ရွာ၏ မြေယာအသုံးပြုမှုနှင့် စီမံခန့်ခွဲမှုစနစ်၊
- မြေယာနှင့်ဆိုင်သည့် ရပ်ရွာ၏ ဓလေ့ထုံးတမ်းနှင့် ဝိဉာဉ်ရေးဆိုင်ရာ ဆက်နွယ်မှုများစသည်ဖြင့် . . . အချက်အလက်များကို မှတ်တမ်းတင်ခြင်းနှင့် မျက်မြင်ပုံဖော်ခြင်းဖြစ်ပါသည်။

### ပီအေအာရ်သည်–

- ခေတ်အဆက်ဆက်အခြေချနေထိုင်လာမှု၊ ပိုင်ဆိုင်မှုရှိလာပုံနှင့် ရပ်ရွာလူထုနှင့် ၎င်းတို့၏မြေယာများအကြား သမိုင်းကြောင်းအရ ရေရှည်တည်ရှိလာသည့်ဆက်နွယ်မှု၊
- ရပ်ရွာလူထု၏ အသက်မွေးဝမ်းကျောင်းများနှင့် မြေယာအသုံးပြုမှုစနစ်၊
- မြေယာနှင့် အရင်းအမြစ်များအသုံးပြုမှုနှင့် စီမံခန့်ခွဲမှုကို ထိန်းညှိပေးသည့် ရိုးရာဓလေ့ထုံးတမ်းဥပဒေနှင့် လက်တွေ့ကျကျအသုံးပြုမှုများ၊
- မြေယာနှင့်ဆိုင်သည့်ရပ်ရွာ၏ ဓလေ့ထုံးတမ်းနှင့် ဝိဉာဉ်ရေးဆိုင်ရာဆက်နွယ်မှုများစသည်ဖြင့် . . . အချက်အလက်များစုဆောင်းတင်ပြခြင်း ဖြစ်ပါသည်။







12

# ရိုးရာဓလေ့ထုံးတမ်းအရ မြေယာအခွင့်အရေးများနှင့် သဘာဝအရင်းအမြစ်များစီမံခန့်ခွဲမှုဆိုင်ရာ ရပ်ရွာလူထုပူးပေါင်းပါဝင်သော သုတေသနလုပ်ငန်း (ပီအေအာရ် PAR) – ၂


## ရပ်ရွာလူထုပူးပေါင်းပါဝင်သော သုတေသနလုပ်ငန်း(ပီအေအာရ်)ဆိုသည်မှာအဘယ်နည်း။

### ပီအေအာရ်ဆိုသည်မှာ –

- သုတေသနအပြုခံရမည့်သူများနှင့် အသက်ရှင်နေထိုင်မှုပုံစံနှင့် လုပ်ဆောင်မှုများတူညီသည့်သူများနှင့်အတူ ပူးပေါင်းဆောင်ရွက်သည့် သုတေသနလုပ်ငန်း၊
- သုတေသနမှရရှိသည့်ရလဒ်နှင့် တုံ့ပြန်ဆောင်ရွက်မှုများကို တပြိုင်နက်ဖြစ်ပေါ်နိုင်ရေး ဦးတည်သည့် သုတေသနလုပ်ငန်း။
- စက်ဝိုင်းပုံသံသရာလည်ပတ်နေသည် - အခြေအနေတစ်ခု သို့မဟုတ် လုပ်ရပ်တစ်ခုကိုလေ့လာဆန်းစစ်သည်။ လေ့လာတွေ့ရှိချက်များကို ပြန်လည်ဆွေးနွေးပြီးနောက် သုံးသပ်မှုများကိုအခြေခံ၍ နောက်ထပ်ဆောင်ရွက်ရန်အတွက် လိုအပ်သည့် အစီအစဉ်များပြောင်းလဲဆောင်ရွက်သည်။ ဤစက်ဝိုင်းပုံသံသရာလည်ပတ်ခြင်းသည် ထပ်ခါထပ်ခါဖြစ်ပေါ်နေပြီး နောက်ဆုံးရရှိလိုသည့် ပြောင်းလဲမှုအထိ ဖြစ်ပေါ်စေရန် အကူအညီဖြစ်စေသည်။










### ဤပီအေအာရ် စီမံကိန်းသည် –

- ရပ်ရွာလူထုများ၏ ဓလေ့ထုံးတမ်းအရ မြေယာပိုင်ဆိုင်မှုအခွင့်အရေးများနှင့် သဘာဝအရင်းအမြစ်များ စီမံခန့်ခွဲမှုဆိုင်ရာစနစ်များစသည့် အခွင့်အရေးများ အခိုင်အမာရရှိလာစေရန် ရည်ရွယ်၍ အချက်အလက်များစုဆောင်းရယူမည်ဖြစ်သည်။ ထို့အပြင်၊
- ရပ်ရွာလူထုများမှ မိမိတို့၏သဘာဝအရင်းအမြစ်များ စီမံခန့်ခွဲမှုစနစ်များကို စဉ်းစားပုံဖော်၍ မည်ကဲ့သို့ ရှေ့ဆက်တိုးတက်ဆောင်ရွက်သင့်သည်ကို ဆွေးနွေးနိုင်ရန် အထောက်အကူပြုမည်ဖြစ်ပါသည်။

# ရိုးရာဓလေ့ထုံးတမ်းအရ မြေယာအခွင့်အရေးများနှင့် သဘာဝအရင်းအမြစ်များစီမံခန့်ခွဲမှုဆိုင်ရာ ရပ်ရွာလူထုပူးပေါင်းပါဝင်သော သုတေသနလုပ်ငန်း (ပီအေအာရ် PAR) – ၃

13

## ပီအေအာရ်စနစ်တွင် မည်သည့်လေ့လာမှုများ ပြုလုပ်မည်နည်း။



အဓိကရည်မှန်းချက်မှာ ရပ်ရွာလူထုနှင့် သူတို့၏မြေယာနှင့် အရင်းအမြစ်များအကြား သမိုင်းကြောင်းအရ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအရ စသည်ဖြင့် ရှိနေသည့် ဆက်နွယ်မှုများကို ဘက်ပေါင်းစုံမှ မှတ်တမ်းတင်ရေးသားပြုစုရန် ဖြစ်ပါသည်။



### (က) ရပ်ရွာလူထုနှင့် ၎င်းတို့၏သမိုင်းကြောင်း

- လူဦးရေဆိုင်ရာအချက်အလက် — အိမ်ထောင်စုနှင့် လူဦးရေအရေအတွက်၊ ကျားမအရေအတွက်စသည်ဖြင့်၊
- ကျေးရွာသမိုင်းကြောင်း — ရွာကို မည်ကဲ့သို့ စတင်တည်ထောင်ခဲ့ပုံဆိုင်ရာအကြောင်းအရာ၊ ပထမဆုံးစတင်ခြေချနေထိုင်ခဲ့သူများ၊ အရင်ကအခြေချ နေထိုင်ခဲ့သည့်နေရာများ၊ ပြန်လည်ရွှေ့ပြောင်းအခြေချနေထိုင်သည့် တည်နေရာနှင့် အခြားရပ်ရွာ၏ အရေးပါသောနေရာများ၊

### (ခ) မြေယာနှင့် အသက်မွေးဝမ်းကြောင်း

- အသက်မွေးဝမ်းကြောင်း — ရပ်ရွာရှိနေထိုင်သူများ မည်သည့်လုပ်ငန်းများကိုလုပ်ကိုင်ကြသည်၊ (တပိုင်တနိုင်စိုင်ပျိုးခြင်း၊ ဝင်ငွေရကောက်ပဲသီးနှံများစိုက်ပျိုးခြင်း၊ နေ့စား၊ လခစားအလုပ်သမား၊ တိရစ္ဆာန်မွေးမြူရေး၊ငါးဖမ်းခြင်း၊ အမဲလိုက်ခြင်း၊ သစ်တောထွက်ပစ္စည်းများစုဆောင်းရယူခြင်း၊ လက်မှုပစ္စည်းများ လုပ်ကိုင်ခြင်း စသည်ဖြင့်၊) အိမ်ထောင်စုတစ်နှင့် တစ်ခုအကြားမတူညီသည့် စိုက်ပျိုးရေးမှရရှိသည့် စားနပ်ရိက္ခာနှင့် ဝင်ငွေအရင်းအမြစ်များ (ဥပမာ - စပါးနှင့် အလှည့်ကျမြေအနားပေးစိုက်ပျိုးခြင်း၊ လယ်ယာစိုက်ပျိုးခြင်းနှင့် နေ့စား၊ လခစားအလုပ်လုပ်ခြင်းအကြား ကွာဟမှု စသည်ဖြင့်၊)
- မြေယာအသုံးပြုမှု — မည်သည့်ပိုင်နက်နယ်မြေများမှ အရင်းအမြစ်များကိုအသုံးပြုသည်၊ ရယူသည်၊ မည်သည့် မြေအမျိုးအစားဖြစ်သည်။ (မြေနိမ့်လွင်ပြင်စပါးစိုက်ပျိုးခင်းများ၊ ကုန်းမြင့်အတည်တကျ စိုက်ပျိုးရာနေရာများ၊ အလှည့်ကျမြေအနားပေးစိုက်ပျိုးရေး၊ အနားပေးထားသောမြေ၊ သက်ကြီးတော၊ မြက်ခင်းလွင်ပြင်၊မြစ်များ၊ချောင်းများစသည်ဖြင့်၊)

### (ဂ) ရိုးရာဓလေ့ထုံးတမ်း ဥပဒေနှင့် အရင်းအမြစ်များစီမံခန့်ခွဲမှုဆိုင်ရာ အဖွဲ့အစည်းများ

၁။ မြေယာနှင့် အရင်းအမြစ်များဆိုင်ရာ ရပ်ရွာလူမျိုးစုတွင်းရှိ ရိုးရာဓလေ့ထုံးတမ်းစည်းမျဉ်းစည်းကမ်းများ။ အများအားဖြင့်၊ ဤဓလေ့များသည် ရှုပ်ထွေးနေတတ်ပြီး မတူညီသည့် ပိုင်ဆိုင်မှုစနစ်များဖြင့် အခွင့်အရေးများတစ်နှင့်တစ်ခု ထပ်နေတတ်ပါသည်။ (ဘုံပိုင်၊မျိုးနွယ်စု၊ မျိုးရိုး၊ အိမ်ထောင်စု၊ တစ်ဦးချင်းစီ)အများအားဖြင့် အခွင့်အရေးကိုအမျိုးအစား (၅)မျိုးခွဲ၍ စည်းကမ်းချမှတ်ကြပါသည်။

(က) ဝင်ရောက်ပိုင်ခွင့် — နေရာဒေသတစ်ခုကိုသွား ရောက်ခြင်း၊ နေထိုင်ခွင့်ပေးခြင်းနှင့်ဆိုင်သော အခွင့်အရေး၊

(ခ) အသုံးပြုပိုင်ခွင့် — သီးနှံရိတ်သိမ်းခြင်း၊ စုဆောင်းခြင်း၊ တိရိစ္ဆာန်များအမဲလိုက်ခြင်း၊ ဖမ်းဆီးခြင်း၊ ရေများထုတ်ယူခြင်းဆိုင်ရာ အသုံးပြုပိုင်ခွင့်များ၊

(ဂ) စီမံခန့်ခွဲပိုင်ခွင့် — မြေယာနှင့် အရင်းအမြစ်များ မည်ကဲ့သို့အသုံးပြုမည်၊ ပြုပြင်ပြောင်းလဲမည်ကို ဆုံးဖြတ်ခြင်းဆိုင်ရာ အခွင့်အရေး၊ လှေကားထစ်စိုက်ပျိုးခြင်း၊ သစ်ပင်စိုက်ပျိုးခြင်းစသည်ဖြင့် မြေယာတိုးတက်အသုံးပြုရေး၊

(ဃ) ထုတ်ပယ်ပိုင်ခွင့် — နေရာဒေသတစ်ခုရှိမြေယာနှင့် အရင်းအမြစ်များ၊ အသုံးပြုခွင့်မည်သူ့တွင်ရှိသည်မရှိသည်ကို ဆုံးဖြတ်ပေးနိုင်သည့် အခွင့်အရေးနှင့် ဤဆုံးဖြတ်ပိုင်ခွင့်များ မည်သူ့ကိုလက်ဆင့်ကမ်းပေးသင့်သည်ကို ဆုံးဖြတ်နိုင်ခြင်းအခွင့် (ဥပမာ - အမွေလွှဲအပ်ပေးခြင်း)၊

(င) လွှဲပေးပိုင်ခွင့် — အထက်ပါအခွင့် အရေးများကိုရောင်းချခြင်းနှင့် လွှဲပြောင်းပေးနိုင်သည့် အခွင့်အရေး၊


၂။ မြေယာနှင့် အရင်းအမြစ်များအသုံးပြုခွင့်နှင့် စီမံခန့်ခွဲမှုဆိုင်ရာကိစ္စရပ်များအတွက် ဆုံးဖြတ်ချက်ချမှတ်ခြင်းနှင့် စည်းမျဉ်းစည်းကမ်းများ အကောင်အထည်ဖော်ဆောင်ရွက်ရေးအတွက် ရပ်ရွာ၏ အုပ်ချုပ်မှုရေးရာအဖွဲ့အစည်း၊ ရပ်ရွာကိုယ်စားပြု၍ အပြင်လောကနှင့် ဆက်သွယ်မှုပြုလုပ်ပေးသည့် အဖွဲ့အစည်း (အိမ်နီးချင်းရပ်ရွာများ၊ အစိုးရအုပ်ချုပ်မှုဆိုင်ရာ အဆင့်မြင့်ဝန်ထမ်းများစသည်ဖြင့်၊)

### (ဃ) မြေယာနှင့် ဝိဉာဉ်ရေး၊ ယဉ်ကျေးမှုဆိုင်ရာဆက်နွယ်မှု

- ဝိဉာဉ်ရေးနှင့် ယဉ်ကျေးမှုဆိုင်ရာအရေးပါသည့်နေရာများ၊ ဥပမာအားဖြင့် အထွတ်အမြတ်ထားသည့်နေရာ၊ နတ်ကြီးသောတောများ၊ တောင်များ၊ ကျောက်ဆောင်များ၊ ဂူများစသည်ဖြင့်နှင့် ၎င်းတို့နှင့်ဆက်စပ်နေသည့် ရိုးရာပုံပြင်များနှင့် အနက်အဓိပ္ပါယ်များ၊

# ဂျီပီအက်(စ်)စက်(ခေါ်) မြေတိုင်းကိရိယာကိုအသုံးပြု၍ မြေပုံများကိုရေးဆွဲနည်း

14





## မြေပုံဆိုသည်မှာ အဘယ်နည်း။

မြေပုံဆိုသည်မှာ နေရာဒေသတစ်ခုကို အများအားဖြင့် အပေါ်စီးမှတွေ့မြင်ရပုံကို ရေးဆွဲထားသည့်ပုံဖြစ်ပါသည်။


မြေပုံတစ်ခုသည် သေးငယ်သည့်ဧရိယာတစ်ခုကို ဖော်ပြ၍ရသကဲ့သို့ ကမ္ဘာကြီးကဲ့သို့ကြီးမားကျယ်ပြန့်သည့် ဧရိယာတစ်ခုကိုလည်း ဖော်ပြ၍ရပါသည်။

သို့သော် ကျွန်ုပ်တို့နေ့စဉ်အသုံးပြုနေသည့်မြေပုံများမှာ မြို့နယ်တစ်ခု၊ တိုင်းဒေသကြီးတစ်ခု (သို့မဟုတ်) နိုင်ငံတစ်ခုကိုဖော်ပြသည့် မြေပုံများဖြစ်ပါသည်။










## ဂျီပီအက်(စ်) မြေတိုင်းကိရိယာဆိုသည်မှာအဘယ်နည်း။

ဂျီပီအက်(စ်)ဆိုသည်မှာ ကျွန်ုပ်တို့မည်သည့်နေရာတွင်ရှိနေသည်ကို ဖော်ပြပေးရန်အတွက် ကမ္ဘာ့မြေမျက်နှာပြင်မှ အာကာသထဲရှိဂြိုလ်တုများနှင့် ချိတ်ဆက်အသုံးပြုသည့် ကိရိယာ၊ စက်ပစ္စည်းဖြစ်ပါသည်။








## ဂျီပီအက်(စ်)များ မည်ကဲ့သို့ အလုပ်လုပ်ဆောင်ပါသနည်း။

ဂျီပီအက်(စ်)စက်ကိုအသုံးပြု၍ အနည်းဆုံးဂြိုလ်တု ၃လုံးနှင့် ချိတ်ဆက်ပြီး သင်္ကေတများရရှိလာသည့်အခါတွင် မြေပြင်ပေါ်တွင်ရှိသည့် တည်နေရာကိုဖော်ပြပေးသည့် ကိုဩဒိနိတ်ဆိုသည့် နေရာညွှန်ပြသည့် အမှတ်များကိုရရှိပါသည်။

ဂျီပီအက်(စ်)သည် ဂြိုလ်တု ၄ လုံးနှင့် ချိတ်ဆက်မိမှသာ ကျွန်ုပ်တို့၏တည်နေရာကို အမြင့် ၃ ဘက်မှနေ၍ တိကျမှန်ကန်သည့် တည်နေရာကို ဖော်ပြပေးနိုင်မည်ဖြစ်သည်။

# 15

# ရပ်ရွာအခြေပြုမြေပုံရေးဆွဲခြင်းဆိုင်ရာ လုပ်ငန်းဆောင်ရွက်ပုံအဆင့်ဆင့်

**နေရာရွေးချယ်ခြင်း**

↓

**ပြင်ဆင်ခြင်း**
- စီမံကိန်းဝန်ထမ်း
- ရပ်ရွာလူထုများ
  - သင်တန်း
  - စက်ပစ္စည်း (ဂျီပီအက်စ်၊ မြေပုံစသည်ဖြင့်)
  - အက်ဖ်ဖီအိုင်စီ(FPIC)နှင့် မြေပုံကြမ်း
  - ရပ်ရွာခေါင်းဆောင်နှင့် ဆွေးနွေးခြင်း၊ ရပ်ရွာလူကြီးများနှင့် အခြားဆက်စပ်ပတ်သက်သူအားလုံးနှင့် ဆွေးနွေးခြင်း
  - ကွင်းဆင်းလေ့လာမည့် အလုပ်အမှုဆောင်အဖွဲ့ ဖွဲ့စည်းခြင်း

↓

**အချက်အလက်များစုဆောင်းခြင်း**
- မြေပြင်တွင် ဂျီပီအက်(စ်)စက်အသုံးပြု၍ အချက်အလက်များစုဆောင်းခြင်း
- ရပ်ရွာနှင့်ဆိုင်သည့်အချက်အလက်များ (သမိုင်းကြောင်း၊ လူဦးရေစာရင်းစသည်ဖြင့်)
- ရပ်ရွာစည်းမျဉ်းစည်းကမ်းများ

↓

**မြေယာအသုံးချမှုမြေပုံကြမ်း**
- မြေပုံကြမ်းရေးဆွဲထုတ်လုပ်ခြင်း
- ရပ်ရွာလူထုနှင့် မြေပုံကြမ်းပါအချက်အလက်များ မှန်/မမှန် ပြန်လည်စစ်ဆေးခြင်း
  - ဂျီပီအက်(စ်)ရှိ အချက်အလက်များကူးယူခြင်း
  - ဗဟုဂံများရေးဆွဲ၍ မြေဧရိယာတွက်ချက်ခြင်း

↓

**မြေပုံအချောရေးဆွဲခြင်းနှင့် ထောက်ခံမှုရရှိအောင် လှုံ့ဆော်စည်းရုံးခြင်းဆိုင်ရာ လုပ်ငန်းများဆောင်ရွက်ခြင်း**
- မြေပုံများပြန်လည်တည်းဖြတ်ရေးဆွဲခြင်း
- မြေပုံပါအချက်အလက်များ ရှင်းလင်းတင်ပြပုံ/တင်ပြနည်းများဆိုင်ရာသင်တန်းပေးခြင်း



## ကြိုတင်ပြင်ဆင်ရမည့်အရာများ

၁။ ရပ်ရွာနယ်နိမိတ်ကိုရှင်းလင်းစွာဖော်ပြထားသည့် မြေပုံကြမ်း
- ＊ ရပ်ရွာနယ်နိမိတ် (အိမ်နီးချင်းရွာမှ ဒေသခံများအပါအဝင်)
- ＊ သစ်တောမြေနေရာနယ်နိမိတ် (သစ်တောအမျိုးအစားများ)။
- ＊ လယ်ယာစိုက်ပျိုးရေးနယ်နိမိတ် (စပါး၊ ရွှေ့ပြောင်းတောင်ယာ၊ စားကျက်မြေ)။

၂။ ကွင်းဆင်းလေ့လာပုံစနစ်
- ＊ ရပ်ရွာသက်ကြီးရွယ်အိုနှင့် လူငယ်များပါဝင်သည့် အဖွဲ့ ဖွဲ့စည်း၍ နေ့စဉ်ကွင်းဆင်းစာရင်းပြုစုရန်။
- ＊ ကွင်းဆင်းလေ့လာမှု မှတ်တမ်းစာအုပ်၊ ဘောပင်၊ ပလတ်စတစ်ကြိုး၊ ပုဆိန်၊ ဓား။






ပွိုင့် (ရိုးရာဝန်းကျင်မြှင့်တင်ရေးအဖွဲ့ )

အမှတ် (၆၈၇)၊ ကြို့ကုန်း ဇလမ်း(တောင်)၊ အရှေ့ကြို့ကုန်း၊ အင်းစိန် - ရန်ကုန်။
ရုံးဖုန်း / ၀၉-၂၅၄ ၂၄၉ ၄၉၄
ဖေ့(စ်)ဘွတ်လိပ်စာ / https://www.facebook.com/PromotionOfIndigenousandNatureTogether
အင်တာနက်လိပ်စာ / www.pointmyanmar.org
အီးမေးလ် / point.org.mm@gmail.com